

မြနှင်းချယ်
ရဲဦး

“နာမည်က”

“ခက် … ထန်”

ဖြေပုံကိုက ကန့်အတွက် နှာခေါင်းရှုံ့ချင်စရာ။ အင်မတန်မှ အသန့် အပြန့်ကြိုက် စမတ်တကျနေတတ်သော ကန်ဟာ ခက်ထန်ဆိုသည့် နာမည်ကို တစ်လုံးချင်း ရေရွတ်ပြီးနှာခေါင်းထဲ လက်နှိုက်ထည့်လိုက်သော သကောင့်သားပုံစံကြောင့် "ဝေ့" ခနဲ ထိုးမအန်မိအောင် ထိန်းချုပ်ထားရပါသည် ။

သို့ပေမဲ့ လောလောဆယ် မာလီမရှိ၍ အတော်လေး ဖရိုဖရဲဖြစ်နေသော ကိုယ့်ခြံထဲက ပန်းခင်းကြီးရဲ့ ဖြစ်အင်ကို မြင်ယောင်လိုက်မိချိန်မှ လက်တလော စက်ဆုပ်ရွံရှာမှုကို ဖြေဖျောက်ရင်း …

“ကျွန်မဆီမှာ အလုပ်လုပ်ဖို့ ဘယ်သူ့အဆက်အသွယ်နဲ့ လာခဲ့တာလဲ ”

“ကျေးဇူးပြုပြီး မလိုအပ်တဲ့ မေးခွန်းတွေ သိပ်မမေးပါနဲ့ လား၊ ခင်ဗျားက ပန်းတွေကို အရမ်းချစ်တယ်၊ အခုပြုစုပျိုးထောင်မယ့် မာလီမရှိတော့လို့ ပန်းခင်းကြီး ပျက်စီးနေတယ်၊ အဲဒီအတွက် ခင်ဗျား မာလီတစ်ယောက်ခန့်ချင်တယ် …

ကျုပ်က ပန်းစိုက်တဲ့ အလုပ်ကို ဝါသနာပါတယ်၊ ကျုပ် ဒီအလုပ်ကို

တာဝန်ကျေကျေ လုပ်ပေးမယ်၊ ဒါပဲလေ ... လိုရင်းက တစ်ယောက်လို အပ်ချက်ကို တစ်ယောက်က ဖြည့်ဆည်းပေးဖို့ ပဲ မဟုတ်လား၊ ဘယ်က လာတာလဲ၊ ဘယ်သူ့အဆက်အသွယ်လဲ ဆိုတာတွေက အရေးမကြီးတဲ့ အခန်းကဏ္ဍတွေပဲလို့ ကျုပ် ထင်တယ်”

အို ... အို ... ကြားရသမျှက ကန့်အတွက် မျက်ခုံး ပင့်လောက်စရာ တွေချည်း ပါပဲလား။ အလုပ်ခန့်,မခန့် မသေချာသေးတဲ့ အလုပ်ရှင်တစ် ယောက်အပေါ် သင်းရဲ့ ဆက်ဆံပုံက မာရေကျောရေ။

သင်းကပြောပြီး လက်ထဲလုံးထည့်ထားသည့် နှပ်ချေးဖတ်ကို တော က်ထုတ်လိုက် ပြန်ရော ကန့်ရှေ့စားပွဲပေါ် ဘတ်ခနဲလာကပ်သည် ။ ဒုက္ခ ... ဒီလို အောက်တန်းကျ ရိုင်းပျတဲ့ အပြုအမူမျိုးရှိတဲ့ လူတစ်ယောက် ဟာ ကန့်ခြံထဲက ပန်းတွေကို သန့်သန့်ရှင်းရှင်း ပျိုးထောင်နိုင်ပါ့မလား။

ဖြစ်ချင်တော့ ခြံစောင့် ဦးတိုးကျော် ဆုံးပြီးကတည်းက ကန့်ရဲ့ ဇီဇာကြောင် ခွကျ ဘုကန့်လန့်တိုက်မှုများကို ကြောက်ပြီး အလုပ်လာ လျှောက်မည့်သူတွေ မရှိတော့တာ နှစ်လကျော်ပြီ။

ကန်လည်း ဥယျာဉ်မှူးအလုပ်ကို ကိုယ်တိုင်ကိုယ်ကျ မလုပ်နိုင်။ ကန် က သူများ အဆင်သင့် မွမ်းမံပြင်ဆင်ပေးထားသည့် အလှတရားများ အ ပေါ် အဆင်သင့်ခံစားဖို့ ပဲ တတ်သည့်သူပါ။ ကန့်ဘဝမှာ ကိုယ့်အားကို ယ်ကိုးခဲ့တာဆိုလို့ ဘာတစ်ခုမှ မရှိခဲ့။

လောလောဆယ် ရှပ်အင်္ကျီဟာပြဲနှင့် ဂျင်းဘောင်းဘီ အရောင်ခပ်မွဲမွဲ ဝတ်ဆင်ထားသော ဒီဂျစ်ပစီကောင်ကို တစ်လလောက် အစမ်းခန့်ကြည့် လျှင် ကောင်းမလား။

အရေးကြီးတာက ကန့်ပန်းခြံလေး အရင်လို ဝံ့ကြွားလှပစွာ လန်းလ န်းဆန်းဆန်း ပြန်ဖြစ်လာဖို့ ပင်။

“ဂီး ... ဂေါ့”

“ဟင် ! ရှင် ... ရှင်ဘာလုပ်တာလဲ”

“ဆောရီး ... ကျုပ်မှာ ခဏခဏ သလိပ်ခတ်တတ်တဲ့ အကျင့်ရှိလို့ ပါ၊ ခဏနော် ... ဂွီး ... ထွီ”

အောင်မယ်လေးနော်။ စိတ်ညစ် လိုက်လေခြင်း။

အမှတ်ပေးဖို့ ကြံရွယ်နေခါမှ minus ဖြစ်စရာ ပေါ်လာပြန်ပြီ။ သူက ရင်ဘတ်ဖိ၊ မျက်လုံးပြူးနေသော ကန့်ပုံစံကို ကြည့်ကာ မဲ့ပြုံးပြုံးသည် ။ ပြီးနောက် ...

“ကဲ ... စာရေးဆရာမကြီး ဒေါ်နှောင်းဧကေန်၊ ကျုပ်ကို အလုပ်ခန့်မှာလား၊ မခန့်ဘူးလား မြန်မြန်လေး အဆုံးအဖြတ်ပေးပါ၊ ခင်ဗျားမခန့်ရင် ကျုပ် တခြားမှာ သွားရှာရဦးမှာ ”

“နေစမ်းပါဦး၊ ရှင်က ကျွန်မကို စာရေးဆရာမ နှောင်းဧကေန်မှန်း ဘယ်လိုသိတာလဲ”

ကန့်မေးခွန်းအဆုံးမှာ သူက အော်ဂလီဆန်ဖွယ်ရာ အပြုအမူကြီးဖြင့် တုံ့ပြန်လာပြန်သည် ။ စောစောက နှပ်ချေးကလော်ထားသော လက်ချောင်းနှင့်ပင် အာခေါင်ထဲ ထိုးထည့်ကာ တစ်စုံတစ်ရာကို ပြန်ဆွဲထုတ်နေသည့် သူ့ကို ကြည့်ရင်း ကန့်မျက်နှာရှုံ့သထက်ရှုံ့မဲ့ တွန့်တွလာရပါသည် ။

“ကျွတ် ... အရေးထဲ ဒီမျှစ်ချဉ်ဖတ်က သွားကြားညှပ်နေသေးတယ်၊ အင်း ... ခင်ဗျားက လျှို့ဝှက်သည်းဖိုဝတ္ထုတွေရေးတဲ့ အထူးခြားဆုံး စာရေးဆရာမပဲ၊ မသိတဲ့ သူ ရှားပါတယ်၊ ကျုပ် ခင်ဗျားစာအုပ်နှစ်အုပ်လောက်ပဲ ဖတ်ဖူးတယ်၊ ဒါပေမဲ့ အရမ်းကြိုက်သွားတယ်၊ ခင်ဗျားက အ

ရမ်းတော်ပါတယ်”

ကန်က ဒီအချက်ကိုတော့ဖြင့် အလွန်သဘောကျနှစ်ခြိုက်စွာ နှုတ်ခမ်းတွေ ပြုံးမြသွား ရသည် ။ အင်း ... ကန်လိုချင်တာ ဒါပဲလေ။ အထူးခြားဆုံးဇာတ်လမ်း၊ ဇာတ်ကွက်များ ဖြင့် ပရိသတ်အတွက် ဆန်းသစ်သော ဖန်တီးမှုများကို ပေးဆပ်နိုင်သူ လှိူ့ဝှက်သည်းဖို လုံးချင်း ဝတ္ထုရေး စာရေးဆရာမ နှောင်းဧကန်။

ဒီနာမည် ဂုဏ်အရည်အချင်းဟာ ကန့်ရဲ့ ပင်မ အသက်သွေးကြောပဲ ဖြစ်တော့သည် ။ ကန်က ဒီနာမည်ရဲ့ အညွန့်ကို တလူလူ လွှင့်ထူနိုင်အောင် ကြိုးစားခဲ့ရတာပင်။

“ဒီမှာ ... ခင်ဗျား ကျုပ်ကို ခန့်မှာ လား”

“ကျွန်မ စဉ်းစားဦးမယ်ဆိုရင်ရော၊ အမှန်အတိုင်း ဝန်ခံရရင် ရှင့်ပြုမူနေထိုင်ပုံစရိုက် ကာရိုက်တာကို ကျွန်မ သိပ်မကြိုက်ဘူး၊ ဘယ်လိုခေါ်မလဲ၊ standard သိပ်မရှိသလိုပဲ”

သူက ကန့်အပြောကို ဘာမှ မဖြစ်သလို အထာမျိုးဖြင့် ပခုံးတွန့်ကာ တုံ့ပြန်သည် ။

“ခင်ဗျားက အလုပ်ရှင်ဆိုတော့ စဉ်းစားရွေးချယ်ပိုင်ခွင့် ရှိပါတယ်၊ ကဲ ... ခင်ဗျား သိသင့်တယ်ထင်လို့ တချို့အကြောင်းအရာလေးတွေ ပြောပြခဲ့ဦးမယ် ...

ကျုပ်က ဥတစ်လုံးတစ်ကောင်ကြွက်၊ ဆွေမျိုးသားချင်းမရှိဘူး၊ လောလောဆယ်အဆောင် ငှားနေတယ်၊ ကြုံရာကျပန်းလုပ်တယ်၊ ခင်ဗျား ကျုပ်ကို မာလီအလုပ်ခန့်မယ်ဆိုရင် ကျုပ်အတွက် ထမင်းနှစ်နပ်နဲ့ ကျောချစရာ တစ်နေရာရရင်တော်ပြီ၊ လစာမလိုဘူး၊ အဲဒါဘာဖြစ်လို့ လဲ

ဆိုတော့ ကျုပ်က ပန်းစိုက်တဲ့ အလုပ်ကို အရမ်းမြတ်နိုးခုံမင်လို့ ၊ ပြုစုပျိုးထောင်ဖို့ ဝါသနာပါလွန်းလို့ ပဲ ...

ခင်ဗျား ပြန်စဉ်းစားပါဦး၊ ကျုပ် သုံးရက်တိတိ အချိန်ပေးမယ်၊ သုံးရက်ပြည့်တဲ့ နေ့ ပြန်လာခဲ့မယ်၊ အဲဒီနေ့မှာ ကျုပ်ကို အလုပ်ခန့်,မခန့် အဆင်သင့် ဆုံးဖြတ်ထားပြီးသား ဖြစ်ပါစေ၊ ကျုပ်ကို ခွင့်ပြုပါဦး”

သူက ပြောချင်ရာတွေ စွတ်ပြောပြီး ကန့်ရှေ့မှ ဆောင့်ကြွားကြွား လှည့်ထွက်သွားသည် ။ ကန်သည် ခုချိန်မှာ စိတ်ထဲ ဒွိဟဖြစ်နေဆဲ။ သူ့အပြုအမူ၊ အပြောအဆိုလေး အနည်းငယ်အဆင့်ရှိ ညွတ်ပျောင်းမည်ဆိုလျှင်တောင် ခုချက်ချင်း ခန့်လိုက်ဖို့ ဆန္ဒရှိပါသည် ။

ခုဟာက ဘုကျလွန်းပါသည် ဆိုသည့် ကန့်ထက်တောင် သင်းက ပိုဘုကျနေ သေးသည် ။

သူပြောသွားသည့် စကားတွေထဲမှာ ကန်သဘောအကျဆုံးကတော့ ပန်းစိုက်တဲ့ အလုပ်ကို အရမ်းမြတ်နိုးခုံမင်သည် ဆိုသော အချက်ပင်။ အရေးကြီးတာ ကန့်ပန်းလေးတွေရဲ့ ဘဝပဲ မဟုတ်လား။ ဘာပဲဖြစ်ဖြစ် သုံးရက်တော့ စဉ်းစားဖို့ အချိန်ရသေးသည် ။

ကန်သည် မွဲခြောက်ညှိုးကျနေသည့် ခြံထဲကပန်းစိုက်ခင်းဆီ တွေဝေငေးမောနေခိုက် "ဧကေန်" ဟု ခေါ်သံနှင့်အတူ တစ်စုံတစ်ယောက် ဝင်ရောက်လာသည် ။

သူမက ကန့်ရှေ့ မျက်လွှာချ ငြိမ်သက်ရပ်ကာ ပစ္စည်းတစ်ခုကို ကမ်းပေးသည် ။ ကန်ကြည့်လိုက်တော့ ...

“သြော် ... ကြေး ... ပြီးသွားပြီလား”

“အင်း ... ပြန်စစ်ပြီး ဖတ်ကြည့်လိုက်ပါဦး၊ လိုတာရှိရင် ပြောပါ၊ ဒီ

နေ့တော့ အလုပ်တွေလည်း လက်စသတ်ပြီးပြီ ဆိုတော့ ကြေး မေမေ့အိမ် ပြန်ဦးမယ်နော်”

“Ok ကြေး၊ လိုမှ ဖုန်းထပ်ဆက်လိုက်မယ်”

ကြေးက အလွန်စကားနည်းသူ ပီပီ ခေါင်းလေးတစ်ချက်သာ ဆတ်ညိတ်ပြရင်း ကန့်ရှေ့မှ ထွက်ခွာသွားသည် ။

ကန်ကတော့ ကြေးပေးခဲ့သည့် အရာလေးကို တစ်ချက်ငုံ့ကြည့်ကာ ပြုံးရင်းကျန်ရစ် ခဲ့ပါသည် ။ လျှို့ဝှက်သည်းဖို ရေးသည့် စာရေးဆရာမပီပီ အဓိပ္ပာယ်ဖော်ရခက်သည့် အရိပ်အမြွက် တချို့ ကန့်အပြုံးထဲမှာ ကိန်းဝပ်နေဆဲ။

တကယ်တော့ နှောင်းဇကန် ဆိုသည် မှာ …။

*